**ဖိုကိုလာရေလှုပ်ရှားမှု**

**အသက်ပေးသည့်**
**နှုတ်တော်ထွက်စကား**

ဒီဇင်ဘာလ ၂၀၁၇

**“ကျွန်မသည်ထာဝရဘုရားသခင်၏အစေခံဖြစ်ပါ၏၊ သင်၏စကားအတိုင်း ကျွန်မ၌ဖြစ်ပါစေ၊”**

(လုကာ ၁း၃၈)

အင်အားကြီးမားလှသည့် ရောမအင်ပါယာကြီး၏အလှမ်းဝေးသော လက်အောက်ခံဒေသလေးတစ်ခုဖြစ်သော ပါလက်စတိုင်းရှိအိမ်အတွင်းမှာ အမျိုးသမီးငယ်တစ်ဦး၊ ရုတ်တရက်ဆိုသလို မျှော်လင့်မထားသည့်၊ စိတ်အနှောင့်အယှက်ဖြစ်စရာကောင်းသော ဧည့်သည်တစ်ဦးရောက်လာသည်။ ထိုသူကား ဘုရားသခင်စေလွှတ်လိုက်သော ကောင်းကင်တမန်ဖြစ်ပြီး သူမအားတစ်စုံတစ်ခုတောင်းဆိုနေသလို သူမထံမှလည်း အဖြေတစ်စုံတစ်ခုကိုစောင့်ဆိုင်းနေပါသည်။ ကောင်းကင်တမန်က မာရိယာအား “ဝမ်းမြောက်ခြင်း” ရှိဖို့မိန့်ကြားခဲ့ပါသည်။ ထို့နောက် ဘုရားသခင်၏ကြီးမားသောမေတ္တာတော်ကိုခံရကြောင်း၊ လူသားထုအတွက်ဘုရားသခင်၏ အစီအမံတော်ကို ပြည့်စုံစေခြင်း၌ ပူးပေါင်းပါဝင်ဖို့ သူမအားဖိတ်ခေါ်နေကြောင်း ဖော်ပြခဲ့ပါသည်။

မာရိယာသည် သခင်ဘုရားက မိမိထံပေးလာသော အဆိုပါကျေးဇူးတော်ကို အံ့ဩခြင်းနှင့်ဝမ်းမြောက်ခြင်းခံစားချက်ဖြင့် လက်ခံခဲ့ပါသည်။ သူမသည် ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်ကို အကြွင်းမဲ့ယုံကြည်သောကြောင့် ဘာမှန်းမသိသေးသော ထိုအကြံအစည်တော်အတွက် မိမိဘဝတစ်ခုလုံးကို ပေးဆက်အပ်နှံခဲ့ပါသည်။ မာရိယာက သဒ္ဓါရက်ရောသောစိတ်နှလုံးဖြင့် “အကျွန်ုပ်အသင့်ရှိပါသည်” ဟုဆိုလျက် ဘုရားသခင်၏အမှုတော်နှင့် လူသားများအတွက်မိမိကိုယ်ကို ပြတ်ပြတ်သားသားပေးဆက်ခဲ့ခြင်းက ဘုရားသခင်၏အလိုတော်ကို လက်ခံလိုသူတိုင်းအတွက် ထွန်းလင်းတောက်ပသောဥပမာကိုပေးနေခြင်းဖြစ်သည်။

**“ကျွန်မသည်ထာဝရဘုရားသခင်၏အစေခံဖြစ်ပါ၏၊ သင်၏စကားအတိုင်း ကျွန်မ၌ဖြစ်ပါစေ၊”**

အဆိုပါကျမ်းချက်အပေါ်ထောက်ရှုဆင်ခြင်ရာတွင် ကယားရာလူးဘစ်က “ဘုရားသခင်၏အကြံအစည်တော်များပြီးပြည့်စုံစေရန် လူအပေါင်းတို့သည် ဘုရားသခင်ထံတော်ပါးတွင် ၎င်းတို့ကိုယ်ကိုအကြွင်းမဲ့ပုံအပ်လျက်အစေခံပမာ နှိမ့်ချခြင်းရှိရန်သာလိုအပ်ပါသည်။ သူမခံယူခဲ့သောကံကြမ္မာအားဖြင့် မာရိယာသည် လူ့ဘောင်လောကအတွက် စစ်မှန်သောကိုယ်စားလှယ်ပင်ဖြစ်တော့သည်။ အဆိုပါစိတ်သဘောထားနှင့်အတူ သူမသည် ဖန်ဆင်းခြင်းအမှုတော်အတွက် လိုအပ်သောနေရာအလုံးစုံကို ဘုရားသခင်အားပေးဆက်ခဲ့ပါသည်။ “ဘုရားသခင်၏အစေခံ”ဆိုသည့်အသုံးအနှုန်းမှာ လူသားဆန်သောဖော်ပြချက်သက်သက်သာမဟုတ်ဘဲ ယင်းက ကယ်တင်ခြင်းသမိုင်းစဉ်တစ်လျှောက် အာဗြဟံ၊ မိုးဇက်၊ ဒါဝိဒ်နှင့် အခြားပရောဖက်များနည်းတူ ကြီးမြတ်သောအစေခံများအားရည်ညွှန်းသော မြင့်မြတ်ခြင်းလည်းဖြစ်သည်။ ထိုကြောင့် ထိုစကားလုံးကို သုံးနှုန်းခြင်းအားဖြင့် မယ်တော်မာရိ၏ကြီးမြတ်ခြင်းကိုလည်း အခိုင်အမာသက်သေထူလျက်ရှိပါသည်။

**“ကျွန်မသည်ထာဝရဘုရားသခင်၏အစေခံဖြစ်ပါ၏၊ သင်၏စကားအတိုင်း ကျွန်မ၌ဖြစ်ပါစေ၊”**

ကျွန်ုပ်တို့သည်လည်း မိမိတို့၏အသက်တာတွင် ဘုရားသခင်တည်ရှိတော်မူခြင်းနှင့် ကိုယ်တော်ရှင်၏ ‘နှုတ်တော်ထွက်စကားတော်မြတ်’ အားနားထောင်ခြင်းဖြင့် ကိုယ်တော်ရှင်၏ချစ်ခြင်းမေတ္တာတော် အစီအမံ

တစ်စိတ်တစ်ပိုင်းပါဝင်ဖြည့်ဆည်းရန်၊ ချစ်ခြင်းမေတ္တာအစီအမံသမိုင်းစဥ်တွင် တစ်စိတ်တစ်ဒေသအဖြစ်ပါဝင်ရန် ဖိတ်ခေါ်တောင်းဆိုနေမှုတို့အား ယခုပင်ရှိသည့်နေရာတွင် သိမြင်နိုင်ပါသည်။ မိမိတို့၏အားနည်းချက်များ၊ ကျရှုံးမှုများက ကျွန်ုပ်တို့အတွက် အဟန့်အတားဖြစ်စေနိုင်ပါသည်။ သို့ဖြစ်၍ "ဘုရားသခင်မတတ်နိုင်သောအရာတစ်စုံတစ်ခုမျှမရှိ"(လုကာ၁း၃၇) ဆိုသော ကောင်းကင်တမန်၏ပြောစကားကိုယုံကြည်လျက် မိမိအစွမ်းထက် ဘုရားသခင်၏တန်ခိုးတော်ကို ပို၍စိတ်ချယုံကြည်ကြပါစို့။ ထိုအတွေ့အကြုံက ကျွန်ုပ်တို့၏ကန့်သတ်မှုဘောင်များ၊ မိမိကိုယ်သာအားကိုးရာဆိုသည့် ယုံကြည်ယူဆမှုတို့မှ လွတ်မြောက်စေပါလိမ့်မည်။ ကျွန်ုပ်တို့တွင်ရှိနေသည်ကိုပင်မသိထားသော အစွမ်းအစများနှင့်စွမ်းအင်သစ်များကို ရှာဖွေတွေ့ရှိပါလိမ့်မှာဖြစ်ပြီး နောက်ဆုံး မိမိအလှည့်ရောက်သော် ချစ်ခြင်းမေတ္တာထားတတ်လာပေလိမ့်မည်။

အိမ်ထောင်သည်ဇနီးမောင်နှံနှစ်ဦးတို့က သူတို့၏အတွေ့အကြုံကိုဝေမျှခဲ့ပါသည်။ "ကျွန်ုပ်တို့အိမ်ထောင်ကျပြီးစမှာ ကျွန်ုပ်တို့အိမ်ကို မြို့ရှိဆေးရုံတွေမှာလာတက်ရတဲ့ ကလေးများရဲ့မိသားစုတွေအားလက်ခံကြိုဆိုခဲ့ပါတယ်။ မိသားစုပေါင်း ၁၀၀ကျော်လောက် ကျွန်ုပ်တို့အိမ်ကိုလာခဲ့ကြပြီး ကျွန်ုပ်တို့ကလည်း သူတို့အပေါ် အတတ်နိုင်ဆုံးမိသားစုအရိပ်အငွေ့ကိုဖန်တီးပေးခဲ့ပါတယ်။ ကျွန်ုပ်တို့အနေနဲ့ အကြာခဏဆိုသလို မိမိတို့ရဲ့ကုန်ကျစားရိတ်တွေကို ကာမိစေဖို့အထောက်အကူဖြစ်စေခဲ့တဲ့ ဘုရားသခင်ထံမှကောင်းချီးခံစားရပါတယ်။ ဒါပေမဲ့ ကျွန်ုပ်တို့အနေနဲ့ ဦးစွာပထမ လူတွေကို ကြိုဆိုလက်ခံဖို့လိုအပ်ပါတယ်။ မကြာသေးမီကာလက ငွေအချို့ကို ကျွန်ုပ်တို့လက်ခံရရှိခဲ့တဲ့အခါ တကယ်ပဲ တစ်စုံတစ်ယောက်အတွက် အသုံးဝင်မှာလားတဆိုတာကို သိချင်လို့ ဒီငွေကို သီးသန့်တစ်ဖက်မှာ သိမ်းထားဖို့ဆုံးဖြတ်ခဲ့ပါတယ်။ တကယ်ပဲ မကြာခင်မှာပဲ နောက်ထပ်အကူအညီတောင်းခံမှုပေါ်လာခဲ့ပါတော့တယ်။ ဒါဟာ ဘုရားသခင်နဲ့အတူ ချစ်ခြင်းမေတ္တာကစားနည်းလေးကို ကစားခြင်းပင်ဖြစ်ပြီး ကျွန်ုပ်တို့လုပ်ရမှာက ကစားနည်းမှာ ပါဝင်ကစားဖို့ အဆင်သင့်ရှိနေရန်သာဖြစ်ပါတယ်။

**"ကျွန်မသည်ထာဝရဘုရားသခင်၏အစေခံဖြစ်ပါ၏၊ သင်၏စကားအတိုင်း ကျွန်မ၌ဖြစ်ပါစေ၊"**

မယ်တော်မာရိယာပြုခဲ့သည့်အတိုင်း ဘုရားသခင်၏နှုတ်ကပတ်တော်ကို လက်ခံခြင်းအကြောင်း ". . . လုံးဝဥဿုံအဆင်သင့်ရှိနေခြင်းဆိုသည်မှာ လူ့အသုံးအနှုန်း စကားလုံးသက်သက်မဟုတ်ကြောင်း၊ ယင်းကား ခရစ်တော်သခင်ကိန်းဝတ်တော်မူလျက်ရှိသော ဘုရားသခင်၏နှုတ်တော်ထွက်စကားပေတည်း။ သို့ဖြစ်၍ သင်တို့သည်လည်း ခရစ်တော်သခင်အား သူ၏နှုတ်တော်ထွက်စကားမှလည်းကောင်း၊ သင်တို့အတွင်း၌လည်းကောင်း ခံယူနိုင်ပါသည်။ ထို့နောက် တက်တက်ကြွကြွနှင့် အသင့်အနေအထားဖြင့် လက်တွေ့ကျင့်ကြံနိုင်ပါသည်။ ဤသို့ပြုပါလျှင် ခရစ်တော်သခင်သည် ကျွန်ုပ်တို့၏မြို့ရွာဒေသများရှိ လမ်းများပေါ်တွင် တစ်ဖန်လျှောက်သွားနေသည်ကို ကမ္ဘာလောကကြီးက တွေ့မြင်ပါလိမ့်မည်။ သင့်အတွင်းမှာရှိသောခရစ်တော်သည် လူတိုင်းကဲ့သို့ပင် ဝတ်စားဆင်ယင်ထားပါသည်။ လုပ်ငန်းခွင်များ၊ ကျောင်းများနှင့် နေရာအသီးသီးတွင် ခရစ်တော်ရှိသည်၊ လူအားလုံးတို့၏အလယ်တွင်တည်ရှိနေပါသည်။" ဆိုသော ကယားရာ၏ရေးသားချက်သည် အထက်က ကျမ်းချက်အား ကျွန်ုပ်တို့ကျင့်ကြံလိုက်လျှောက်ရာတွင် အထောက်အကူဖြစ်စေပေလိမ့်မည်။

ယခုအခါ ကျွန်ုပ်တို့သည်ခရစ္စမတ်အတွက်ပြင်ဆင်လျက်ရှိနေကြသည်ဖြစ်၍ မယ်တော်မာရိယာပြုခဲ့သည့်အတိုင်း ဘုရားသခင်နှင့်တစ်ဦးချင်းဆုံဆည်းနိုင်ရန် (ကျမ်းစာဖတ်ရှုခြင်းအားဖြင့်ဖြစ်စေ)အချိန်ပေးကြပါစို့။ ကျွန်ုပ်တို့၏အသိစိတ်ထဲတွင် အသိအမြင်အလင်းတရားကိုပေးမည့် ကိုယ်တော်ရှင်၏အသံတော်ကို ကြိုးစားနားထောင်ကြပါစို့။ မိမိတို့ဆုံတွေ့သမျှသော ညီအစ်ကိုမောင်နှမများ၏လိုအပ်ချက်များအတွက် ကျွန်ုပ်တို့သည် ပို၍စာနာခံစားတတ်လာမည်။ "ယနေ့ သခင်ယေရှုးသည် ကျွန်ုပ်၌မည်သို့ရှိနိုင်ပါမည်နည်း၊" "လူတိုင်းအား မိသားတစ်စုတည်းဖြစ်လာအောင် ကျွန်ုပ်ရှိရာနေရာတွင် မည်သို့ပါဝင်ပေးဆက်နိုင်ပါမည်နည်း၊" ဟု မိမိကိုယ်ကိုမေးခွန်းထုတ်ကြည့်ပါ။ "အကျွန်ုပ်ရှိပါသည်၊"ဟု ဘုရားသခင်အားပြောကြားလျက် ကျွန်ုပ်တို၏ပတ်ဝန်းကျင်တွင် ကိုယ်တော်ရှင်အား ငြိမ်းချမ်းခြင်းမျိုးစေ့ကိုပျိုးကြဲခွင့်ပေးခြင်းဖြင့် ကျွန်ုပ်တို့၏နှလုံးသားများတွင်ဝမ်းမြောက်ခြင်းကို တိုးပွားစေပါလိမ့်မည်။

*Letizia Magri*